
mgyoe.com



နိုင်မွန်အောင်သွင်


# နိုင်မွန်ဧအောင်သွင်ကဗျာများ

mgyoe.com

စိုင်းဝင်းမြင့်စီစဉ်သည်။

789997 118127

mgyoe.com



ISBN 9789997118127
POEM66
9 789997 118127
1,500.00KS

mgyoe.com

နိုင်မွန်အောင်သွင်ကဗျာများ၊ နိုင်မွန်အောင်သွင်
မျက်နှာဖုံးပန်းချီ - ဘငွေကြည်
စာမျက်နှာ ၉၅+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၈၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# နိုင်မွန်အောင်သွင်ကဗျာများ

## နိုင်မွန်အောင်သွင်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

mgyoe.com

mgyoe.com

## မာတိကာ


၁။ သစ်တော်သီးလှည်းများ . . . . . . . . . . . ၁
၂။ ခုန်ကောင် . . . . . . . . . . . ၄
၃။ မေးခွန်း . . . . . . . . . . . ၅
၄။ ကယ်လီဖိုးနီးယားပေါ်ပီ . . . . . . . . . . . ၆
၅။ အိပ်မက် . . . . . . . . . . . ၇
၆။ ရင်ထဲကနွေဦးခရမ်းပြာ . . . . . . . . . . . ၉
၇။ နေခြည်... မင်းနမ်းဖို့ . . . . . . . . . . . ၁၀
၈။ ညဦးဦးပြာလဲ့ . . . . . . . . . . . ၁၁
၉။ ကဖေး . . . . . . . . . . . ၁၂
၁၀။ ကလော . . . . . . . . . . . ၁၃
၁၁။ ဂစ်တာကိုနောက်ပြန်တီး . . . . . . . . . . . ၁၅
၁၂။ ပင်လယ်ဆီသို့လို့ မပြောပါနဲ့ . . . . . . . . . . . ၁၆
၁၃။ ပခုံးပေါ်လာတင်တဲ့ အကြည့်များ . . . . . . . . . . . ၁၈
၁၄။ တစ္ဆေသင်္ဘော . . . . . . . . . . . ၁၉
၁၅။ သာမန်ရေးကြီးခွင်ကျယ် ကိစ္စများ . . . . . . . . . . . ၂၁
၁၆။ ဒေါက်တာမောင်ချောနွယ် . . . . . . . . . . . ၂၃


mgyoe.com

mgyoe.com

၁၇။ ငါက တဖြည်းဖြည်းကျောက်ဖြစ်သွားနေတဲ့
သစ်ရွက်မှ မဟုတ်တာ . . . . . . . . . . . ၂၅
၁၈။ ဘယ်ကလာမှန်းမသိတဲ့ ငါးဟာ . . . . . . . . . . . ၂၇
၁၉။ စားပွဲပေါ်ကို ဘာတင်ခဲ့ကြသလဲ . . . . . . . . . . . ၃၀
၂၀။ မနက်ဖြန်တွေထဲအထိ မယုံလိုက်ပါနဲ့ . . . . . . . . . . . ၃၂
၂၁။ ဘုရားသခင်နှင့်မြေခွေး . . . . . . . . . . . ၃၄
၂၂။ အတိတ်ကိုသော့ဖွင့်ပြီးထွက်သွားလိုက်လို့ရကြပြီလား . . . . . . . ၃၆
၂၃။ လျှို့ဝှက်ထားတဲ့သေတ္တာ . . . . . . . . . . . ၃၈
၂၄။ နံရိုးပျက်အရိုးစု . . . . . . . . . . . ၃၉
၂၅။ တစ်ယောက်ကိုတစ်ယောက်ပြန်ပို့ . . . . . . . . . . . ၄၁
၂၆။ မြို့ကြီးသား . . . . . . . . . . . ၄၃
၂၇။ အမှိုက်မြစ် . . . . . . . . . . . ၄၄
၂၈။ လျှပ်တစ်ပြက်များ . . . . . . . . . . . ၄၅
၂၉။ ညရဲ့တေး၊ တောရဲ့လေးညှို့သံတွေထဲမှာ . . . . . . . . . . . ၄၇
၃၀။ ပျင်းစရာတွေက အရင်ကထက် ပိုလို့သာ ပျင်းစရာကောင်း . . . ၄၈
၃၁။ အချက်ပြမီးတွေ . . . . . . . . . . . ၅၀
၃၂။ မရဏာသတ္တုသီချင်း . . . . . . . . . . . ၅၂
၃၃။ အိပ်မက်တစ်ရန် . . . . . . . . . . . ၅၄
၃၄။ အဝေးပြေးသား . . . . . . . . . . . ၅၅
၃၅။ နိုက်ကလပ်–၂ . . . . . . . . . . . ၅၉
၃၆။ အလွမ်းရဲ့တယော . . . . . . . . . . . ၆၁
၃၇။ အခု ဒီကဗျာကို ကျွန်တော်တကယ်မစပ်ချင်ဘူး . . . . ၆၃
၃၈။ အကြောင်းကြောင်းနဲ့ အကြောင်းအရာများကို မမေ့ပါနဲ့ . . . . ၆၅
၃၉။ ဒုံရင်းဟာဒုံရင်းပဲ . . . . . . . . . . . ၆၇
၄၀။ ဖွန်ဘီအမှတ်အသား . . . . . . . . . . . ၆၈
၄၁။ ဘုရားသခင်နဲ့ ပင်လယ်ဓားပြ . . . . . . . . . . . ၇၀
၄၂။ ၂ နှစ် နောက်ကျနေတဲ့သတင်း . . . . . . . . . . . ၇၂

mgyoe.com

mgyoe.com

၄၃။ မျက်လှည့်ဆရာ - ၂ . . . . . . . . . . . ၇၄
၄၄။ ပြည်တွင်းစစ်ဟာ တစစ်စစ် . . . . . . . . . . . ၇၆
၄၅။ သတ္တုမြို့တော် . . . . . . . . . . . ၇၈
၄၆။ ဝါကျတွေဟာမေးခိုင်နေ . . . . . . . . . . . ၈၀
၄၇။ ဆံသဆရာ ၂ . . . . . . . . . . . ၈၂
၄၈။ ငါတို့စားနေတဲ့ငါးတွေထဲမှာ
ရေကူးညံ့တဲ့ကောင်တစ်ကောင်မှမပါဘူး။ . . . . . . . . . . . ၈၄
၄၉။ ကျောက်တုံးစကား . . . . . . . . . . . ၈၆
၅၀။ လေဟာ အောက်စီဂျင်နည်းနည်း များများ . . . . . . . . . . . ၈၇
၅၁။ ခေါင်းတလားတစ်လုံးထဲကနေ ကျကျနနကျွတ်လွတ်သွား . . . . ၈၉
၅၂။ ငါတို့ မော့ကြည့်... ရာပြည့်တာရာ . . . . . . . . . . . ၉၁
၅၃။ ဆူးရစ်သရဖူနှင့်မြစ်တစ်စင်း . . . . . . . . . . . ၉၃
- နိုင်မွန်အောင်သွင်ကိုယ်ရေးအကျဉ်း . . . . . . . . . . . ၉၅

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# သစ်တော်သီးလှည်းများ

ခြစ်ရာဖျက်ရာများလွန်းပြီး
ကြိုးစားထားခဲ့ရတဲ့
ကဗျာတစ်ပုဒ်ရဲ့ကံဟာ
ကျွန်တော့်ထံမှာ ရှိကြောင်း၊
အဲဒီကဗျာအတွက်စံဟာ
ပြည်သူတွေမှာရှိကြောင်း၊
ဟောင်းနွမ်းအိုမင်းနေတဲ့
လျှပ်စစ်မဲ့မီးခွက်က
ညနက်နက်မှာ ပြောခဲ့တယ်။
ထင်းရှူးရွက်အချောင်းကလေးတွေ
လေတိုးတဲ့အသံ
တောင်ကမ်းပါးယံဆီသို့ပြေးသွား။
ကလေးများအိပ်ချိန်၊
ဆိတ်ငြိမ်တဲ့ည၊
(အဲဒီ)လေသံမှတစ်ပါး
တခြားဘာမှ မကြားရ။
တောင်ကျချောင်းရေ
ရေသံ သို့ဂှက်
ညဘက်ခရီးသွား
ကျွန်တော်များဖြစ်နေမလား။

mgyoe.com

mgyoe.com


အမြင့်ပေ လေးထောင်ကျော်
တောင်ပေါ် ညနက်
တလက်လက်နဲ့မီးပွင့်များဟာ
ဒါဟာ မြို့ ပါတဲ့။
ကျွန်တော့်ရဲ့ရွာကနေ
အနိမ့်ပြကွက်၊
မြင်လျက်။

နာမည်ကြီးတဲ့
အကွေ့နဲ့အကောက်တွေ
မြေနီလှည်းလမ်း
ကတ္တရာကားလမ်း
မီးရထားလမ်း
စိတ်နဲ့မှန်းကြည့်ရတဲ့
ည။

mgyoe.com

mgyoe.com



အပျိုလည်ရာကနေ
ကာလသားတချို့
ချိုင့်ငဲ့တဲ့ လရောင်အောက်
ကိုယ်ဖျောက် အိမ်ပြန်ကြဆဲ။

ချေ (ဂျီ) ဟောက်သံဟာ
သည်ကဗျာထဲဝင်လာချိန်
မိုး မှိန်မှိန် လင်းစ။

မနေ့ညနေပိုင်းက
ခူးဆွတ်ထားကြပြီးသား
သစ်တော်သီးများ
နွားလှည်းပေါ်တင်
မကြာခင်မှာပဲ
ကဲ ထွက်ကြဟေ့။
ဒီနေ့
ဈေးနေ့။

ရောင်းချကြရမယ့်
အသီးများရဲ့ စံဟာ
ကျွန်တော်တို့ ဝယ်ပြန်ကြရမယ့်
ဆန်အရေအတွက်ကို ပြောလိမ့်မယ်။ ။

စာပေဂျာနယ်၊
အမှတ် ၈၊ ၁၉၈၉။

mgyoe.com

mgyoe.com


# ခုနှ်ကောင်

သူ့ခေါင်းပေါ်ကိုမှ ဉသျှစ်သီး ကြွေကျလာတဲ့ကောင်လို
လက်ဖက်ရည်ခွက်တွေထဲ ခုန်ချတယ်။
ထပ်ခုန်တယ်။
တတိယတန်းစား ယဉ်ကျေးမှုတွေ တန်းလန်းလန်းနဲ့
ဗလုံးဗထွေး ခုန်တယ်။
အုန်းသီးခူးသင်ထားတဲ့ မျောက်လို
စားပွဲပုကလေးပေါ်
အတွေးအခေါ်တွေ ပရမ်းပတာ ပစ်ပစ်ချတယ်။
သူ့ကိုယ်နဲ့သူတောင်
စရွေးမကိုက်နေလိုက်တာ
နိုင်ငံတကာ ရှူးဖိနပ်ထဲဝင်ခုန်နေပြန်ရော။

ကျွန်တော်တို့ရဲ့စကားဝိုင်းကို
(အချိန်မစေ့ခင်မှာပဲ)
ထမ်းစင်နဲ့ ထမ်းထုတ်သွားရတော့တယ်။ ။

သရဖူမင်္ဂလာဖင်း၊
အမှတ် ၂၈၊ ဒီဇင်ဘာ၊ ၁၉၉၆။

mgyoe.com

mgyoe.com



# မေးခွန်း

ဘာဝယ်ရမှာလဲ။
မေးခွန်းတစ်ခုဟာ ဦးထုပ်ရောင်းတဲ့ဆိုင်ထဲ ဝင်သွားတယ်။
ဦးထုပ်ဆောင်းထားတဲ့ မေးခွန်းဟာ ကျောပိုးအိတ်ဆိုင်ထဲ ဝင်သွားတယ်။
ဦးထုပ်ဆောင်းပြီး ကျောပိုးအိတ်လွယ်ထားတဲ့ မေးခွန်းဟာ
စီးကရက်ဆိုင်ထဲ ဝင်သွားတယ်။
ဦးထုပ်ဆောင်း၊ ကျောပိုးအိတ်လွယ်၊ စီးကရက်ခဲထားတဲ့ မေးခွန်းဟာ
နေကာမျက်မှန်ဆိုင်ထဲ ဝင်သွားတယ်။
ဦးထုပ်ဆောင်း၊ ကျောပိုးအိတ်လွယ်၊ စီးကရက်ခဲ၊ နေကာမျက်မှန်တပ်ထားတဲ့ မေးခွန်းဟာ
အရက်ဆိုင်ထဲ ဝင်သွားတယ်။
အရက်မူးနေတဲ့ မေးခွန်းဟာ ရေချိန်ကိုက်နေတဲ့ ကာရာအိုကေထဲ ဝင်သွားပြန်တယ်။
အရက်မူးမူးနဲ့ သီချင်းဆိုနေတဲ့ မေးခွန်းဟာ
မာတီစစ္စတမ် အိပ်မက်ကွန်ရက်ထဲ ဝင်သွားတယ်။
အိပ်မက်ထဲက မေးခွန်းဟာ မန်းနီးချိန်ချာထဲ ဝင်သွားတယ်။
နိုင်ငံတကာ ငွေစ ကြေးစ တွေနဲ့ မေးခွန်းဟာ
အားဖြည့်အချိုရည်ဆိုင်ထဲ ဝင်သွားတယ်။
အားပြည့်လာတဲ့ မေးခွန်းဟာ ဆေးသုတ်ဘူးတွေ စီထားတဲ့ဆိုင်ထဲ ဝင်သွားတယ်။
လမ်းမတွေပေါ်လျှောက်သွားနေတဲ့
ဆေးနံ့တောင်မပျောက်သေးတဲ့ အသစ်စက်စက်လို
မေးခွန်းဟာ
မေးခွန်းတွေရောင်းတဲ့ဆိုင်ထဲ ဝင်သွားတယ်။ ။

သရဖူမဂ္ဂဇင်း၊
အမှတ် ၃၂၊ ၁၉၉၇။

mgyoe.com

mgyoe.com


# ကယ်လီဖိုးနီးယားပေါ်ပီ

နွေဦးရာသီကို ငတ်မွတ်တဲ့စိတ်နဲ့ အေးစက်စက်နှင်းတွေ စားသုံးခဲ့ရသူပါ။
ကမ္ဘာမြေကြီးပေါ် အလေ့ကျပြုတ်ကျလာပြီး
ရေးကြီးခွင်ကျယ်တွေကို အမြစ်ထဲထည့်ဝှက်ခဲ့သူပါ။
လိပ်စာအတိအကျမပါတဲ့ အရေးပေါ်လက်ဆောင်တွေကို
ဖဲကြိုးလှလှစည်းခဲ့သူပါ။

ကျွန်တော်ဟာ ဘယ်သူ့ရဲ့ဇည့်သည်မှန်းမသိခဲ့ပါဘူး။
ကိုယ်မကြိုက်တဲ့ကစားနည်းတွေကို စားပွဲပေါ်တင်ဖို့ မယိမ်းယိုင်ခဲ့ပါဘူး။
ငါးပါးသီလကို အကျိုးအပြစ်နဲ့ အပေးအယူ မလုပ်ခဲ့ပါဘူး။

မမြင်ရတဲ့ တစ်စုံတစ်ရာ သေချာလာခဲ့ပြီး
မထိန်းနိုင် မသိမ်းနိုင်နဲ့ ရိုးတံတွေပေါ်
ကိုယ့်နှလုံးသားကို ကိုယ်တိုင်ပစ်တင်လိုက်တယ်။
ဒီအခါ
ပန်းပွင့်နဲ့ပန်းခင်းကို ရောထွေး ဘာသာပြန်လိုက်ကြ။
ရတယ်။
ပွင့်ချလိုက်မယ်။
ကျွန်တော့်ဖြစ်တည်မှုထဲမှာ တစ်ငုံတစ်ဖူးမှ မကျန်သည်အထိ။ ။

သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊
အမှတ် ၂၁၊ မေ၊ ၁၉၉၇။

mgyoe.com

mgyoe.com



## အိပ်မက်

ငါ့ခြေထောက်ကိုမဆွဲပါနဲ့။
ညတစ်ညရဲ့ နွေဦးပေါက် အော်ပရာမှာ
သက်တံရောင် ရာသီဦးမှာ
တံခါးတစ်ချပ်ကိုဖြတ်ဝင်လာတတ်တဲ့
ရမ်းရမ်းကားကား အရိပ်တွေ
ချစ်သူမုန်းလို့ ရမ်းကားနေတဲ့အရိပ်တွေ
ငါ့ခြေထောက်ကိုမဆွဲပါနဲ့။

မနိုးထသေးချင်တာက
သိက္ခာရှိတဲ့ချစ်ခြင်းတွေဟာ
ဘယ်အဆင့်မှာပဲဖြစ်ဖြစ်
ဘောင်ဘင်မခတ်သင့်ဘူးလေ။

mgyoe.com

mgyoe.com


နှလုံးသားနဲ့
ဘယ်လောက်တောင်
လက်ဝဲအိတ်ကပ်လောက်ပဲနီးနီး၊
စကြဝဠာထဲ
တစ်စက်ကလေးမျှမနားရတဲ့
အလွတ်တန်းကူးခပ်နေဆဲ ကြယ်စင်တွေလောက်ပဲ ဝေးဝေး၊
တို့တတွေ
အလွမ်းကိုယ်စီနဲ့
အလွမ်းဒီတက်လို့ ကောင်းနေကြတုန်းမို့
လွတ်လပ်စွာ လွမ်းနေကြရမကောင်းလား။

ဦးထုပ်ချွတ်ပါ။
အရိပ်ခိုလို့ကောင်းတဲ့ တံစက်မြိတ်အောက်မှာပဲ
ချစ်သူမုန်းလို့ ရမ်းကားနေတဲ့အရိပ်တွေ
တိတ်ဆိတ်စွာ အရိပ်ခိုပါ။
ဘယ်သူမှမရိပ်မိအောင်ကို အရိပ်ခိုရင်း
တိတ်ဆိတ်စွာ တယောထိုးနေပါ။
ငါ့ခြေထောက်ကိုတော့ မဆွဲလိုက်ပါနဲ့။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ အတွဲ ၁၃၊
အမှတ် ၇၊ ဇူလိုင်၊ ၁၉၉၇။

mgyoe.com

mgyoe.com



# ရင်ထဲကနွေဦးခရမ်းပြာ

တကယ်သာဆန္ဒရှိမယ်ဆိုရင်
လေးညှို့တွေကိုလည်း
စောင်းကြိုးထဲ ထည့်ဝှက်နိုင်ပါရဲ့။

ပြတင်းပေါက်များကို ပျံသန်းစေပြီး
အေးတိအေးစက်နံရံတစ်ခုမှာ နားစေမယ်။
နေရောင်ခြည်ကို ထုံကူးလို့
ဥယျာဉ်ကို သီးပွင့်စေမယ်။

လောကီရဲ့ ဥတုရာသီများအပေါ်
အစွဲအလမ်းမထားကြနဲ့ ကွယ်တို့။
ကိုယ့်ရင်ထဲ
တက်ကြွငြိမ်းချမ်းနေမှတော့
နှင်းမြူထုကို လိပ်သိမ်းစရာမလိုဘဲ
နွေဦးပေါက်စေမယ် ကွဲ့။

အစိမ်းဆုံးလင်းစို တဟီတီကိုလည်း
လှော်တက်တွေတပ်ဆင်ပြီး
တောင်ပေါ်တောမြို့ ပွဲဈေးတန်းကလေးတစ်ခုဆီသို့
ဆန်တက်ဆိုက်ရောက်လာစေမယ်။

ခေါင်ရည်ကြိုက်တဲ့ငှက်တွေကတော့
ဝိုင်းဖွဲ့ကဗျာရွတ်နေကြရင်း
အလင်းတွေ တောက်စားဖြစ်ကြမှာ အသေအချာ။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊
မတ်၊ ၁၉၉၈။

mgyoe.com

mgyoe.com


# နေခြည်... မင်းနမ်းဖို့

ဒီနေ့... နေသာတယ်။
လမ်းတွေ ထုတ်လှန်းကြရအောင်။

အနိမ့်ပျံ့ငှက်တို့ တရင်းတနှီးကျက်စားရာ
စိတ်ဓာတ်တွေ အသိုက်ပျက်နေတဲ့လမ်း။

မပီမသ ဆဲရေးသံတွေ စည်းမဲ့ကမ်းမဲ့ ပစ်ချထားကြလွန်းလို့
ယင်ကောင်တလောင်းလောင်း ပြောင်းဆန်နေတဲ့လမ်း။

ကံကြမ္မာတစ်ခါပြုံးလိုက်တိုင်း အရှုံးမီးဝိုင်းဖြစ်ကျန်ခဲ့ရ
ယုံကြည်ချက်များ သည်းခြေပျက်နေတဲ့လမ်း။

ချစ်သူမျက်ရည်စများနဲ့ ဖက်လှဲတကင်း
ရှိုးရှိုးရှင်းရှင်းလေး ရေတိမ်နစ်ခဲ့တဲ့လမ်း။

မသုံးရက် မပစ်ရက်နဲ့
အသိမ်းဆည်းလွန်
မွှန်ထူမှိုန်နံ့တသောသော ရွှေကော်ဇောနဲ့ လမ်း။

ဒီနေ့ နေသာတယ်။
ဖြောင့်တန်းတက်ကြွတဲ့ ပခုံးများပေါ်
လမ်းတွေထုတ်လှန်းကြရအောင်။ ။

သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊
ဧပြီ၊ ၁၉၉၈။

mgyoe.com

mgyoe.com



# ညနဲ့ဦးဖြာလွဲ

ရင်ကွဲပုစဉ်းလေးတစ်ကောင်ပေါ့။
လူမသိ သူမသိ လွမ်းစရာရှိရင်တောင်
တိုင်းသိပြည်သိ လွမ်းခဲ့ချင်သေးတယ်။

ဦးခေါင်းများထဲ
ကိုယ်စီ အိပ်ရာဝင်ကြ။

ဘယ်သူကများ
မိမိခန္ဓာကို
ကိုယ်တိုင်တယောထိုးခဲ့ဖူးပါသလဲ။

ကျွန်တော့်အနုပညာဟာ
ပြည့်လျှံနေတဲ့ ခွက်ဖလားတွေအတွက် မဟုတ်ဘူး။
ဗလာသက်သက်
နားရွက်တွေအတွက်လည်း မဟုတ်ပြန်ဘူး။

ကျွန်တော် စတင်ကြိုးညှိနေပါပြီ။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊
အတွဲ ၁၄၊ အမှတ် ၈၊ ဩဂုတ်၊ ၁၉၉၈။

mgyoe.com

mgyoe.com

# ကဗျာ

လောကကြီးထဲ
အမှန်တရားပေါ် အရောင်ကန်းတဲ့သူတွေ
ပိုပို များလာသလားလို့။
နေ့တစ်ပိုင်းစာလောက် သက်တမ်းမျှနဲ့
မိုးကုပ်စက်ဝိုင်းကို မှန်ကူကွက်တွေတပ်ဆင်ချင်နေတဲ့
ယင်ကောင်။

ခုတော့
ကိုယ့်လက်ဖက်ရည်ခွက်ထဲ
မသမာမှုတွေနဲ့ ပြုတ်ကျနေပေါ့။
မသိုးမသန့်အပြုးတွေနဲ့
နှစ်သိမ့်မနေပါနဲ့ မိန်းကလေးရေ။
ကိုယ်က
စိတ်နာခြင်းတွေ သောက်သုံးနေကျ
ဖောက်သည်ဟောင်းတစ်ဦးပါကွယ့်။ ။

စတိုင်သစ်မဂ္ဂဇင်း၊
နိုဝင်ဘာ၊ ၁၉၉၈။

mgyoe.com

mgyoe.com



## ကလော

မြို့ကလေးက
ကမ္ဘာဦးတောင်ကြားတွေထဲ
အသားကျ ဝပ်နေခဲ့တယ်။

စိတ်ပါလက်ပါရှိတဲ့ ခေါင်မိုးနီနီ ဒီဇင်ဘာတချို့မှာ
တိတ်ဆိတ်ရေခဲပြင်များ
ခြံစည်းရိုးပင်နဲ့ ထင်းရှူးရွက်အချောင်းလေးတွေကို
မြားအစင်းစင်းအဖြစ်
မာကျောချွန်မြပစ်တတ်တယ်။

အိမ်ခါးပန်းနဲ့ သောက်ရေအိုးတွေထဲ
အရိပ်များလို
ချဉ်းနင်းဝင်ရောက်လာတတ်တယ်။

နွေးနွေးထွေးထွေးအိပ်ရာကိုသာ
ချောင်းမြောင်းနေတဲ့အတွေးများက
မီးပုံတွေ အထပ်ထပ်ဖိုလို့။

mgyoe.com

mgyoe.com


ဒဏ်ရာရတွားသွားသတ္တဝါကြီးတစ်ကောင်လို
ကျွန်တော့်မှာ
ရင်ပူရောဂါ၊
အဖော်ဂါ၊
ရှင်လန်းတက်ကြွခြင်းတွေဂါ၊
အချည်းနှီးကြေကွဲကြွပ်ဆတ်လို့။

ရေခဲတွေအရည်ပျော်တဲ့ နွေဦးရောက်လာသည့်တိုင်
ချစ်သူတင်ဆက်ဆဲရှုခင်းတွေကတော့
အေးစက်လို့ ကောင်းနေတုန်းပေါ့။

အလွမ်းတွေနဲ့
မြင့်မြင့်မားမား မြို့တည်ပစ်ခဲ့သူ တစ်ဦးဟာ
စိန်ပန်းပြာပင်တွေ စိုက်ပျိုးဖို့ကိုလည်း မမေ့ခဲ့ပါဘူး။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ အတွဲ ၁၅၊
အမှတ် ၁၊ ဇန်နဝါရီ ၁၉၉၉။

mgyoe.com

mgyoe.com



# ဂစ်တာကိုနောက်ပြန့်တီး

အသက်ရှူသံကို စည်းချက်ထပ်မြှင့်လိုက်တယ်။
အိမ်ရှိပေမဲ့ အိမ်ပြန်ချိန်က မရှိသေးဘူး။
ရုံပြည့်ရုံလျှံသောကတွေနဲ့
ဂစ်တာကို အကွက်စိပ်စိပ် နောက်ပြန်တီးခတ်။

ဘီယာဘူးလိုဖောက်ပစ်လိုက်ဖို့
ဘဝက သိပ်လွယ်ကူလွန်းတယ်။
အိမ်တံခါးဝဆိုတာ ဘယ်တော့မှမအေးစက်ဘူး မိတ်ဆွေ။
ပွင့်ထွက်လာတဲ့ အမြုပ်တွေနဲ့
ဂစ်တာကို ဆူဆူဝေဝေ နောက်ပြန်တီးခတ်။

စီးကရက်မီးခိုးငွေ့တွေက မျက်နှာကြက်ကိုတွန်းရွှေ့တယ်။
မိသားစုလောက် ဘယ်ကောင်းကင်မှကြယ်မစုံဘူး။
ကျယ်လျားမှုန်ရီတဲ့ စင်မြင့်ပေါ်
ကြိမ်နှုန်းမြင့် ဆန္ဒကြိုးတစ်စုံနဲ့
ဂစ်တာကို ပင့်မြှောက်နောက်ပြန်တီး...။ ။

စတိုင်သစ်မဂ္ဂဇင်း၊
မေ၊ ၁၉၉၉။

mgyoe.com

mgyoe.com

## ပင်လယ်ဆီသို့လို့ မပြောပါနဲ့

စမ်းချောင်းလေးထဲ ငါမျှောလိုက်တဲ့ စံပယ်ပွင့်လေးတွေ
ပင်လယ်ဆီသို့လို့ မပြောပါနဲ့။
စိတ်ကူးအလျင်ထဲ ငါမျှောခဲ့တဲ့ တနင်္ဂနွေနေ့တွေကိုလည်း
ပင်လယ်ဆီသို့လို့ မပြောပါနဲ့။

လက်ဖက်ရည်ဆိုင် ထိုင်ချင်သေးတယ်။
ငါတို့ရဲ့ငှက်အုပ်တွေနဲ့ တစ်ကိုင်းတည်း နားဖြစ်ချင်တယ်။
အကြောမတည့်သူတွေနဲ့
သိမ်သိမ်မွေ့မွေ့ ကင်းရှင်းချင်တယ်။
သီချင်းတစ်ခွေတည်းကို အကျယ်ကြီးဖွင့်ဖွင့်နေတတ်တဲ့ကောင်ကိုလည်း
ပိတ်ဟောက်ပစ်စရာက ရှိသေးတယ်။
ပူပူနွေးနွေးကိစ္စတွေနဲ့ အေးစက်စဖြစ်ရပ်တွေမှာလည်း
ကမ္ဘာတစ်ခြမ်းစာ အိပ်ရေးပျက်ချင်နေပြန်သေးတယ်။

mgyoe.com

mgyoe.com



လည်ပတ်နေတဲ့ အလင်းအမှောင်တွေနဲ့
သံသရာရဲ့ သိက္ခာမှာ အနည်းငယ်နက်ရှိုင်း
လှိုင်းလေနည်းနည်းရှိတယ်။
လိပ်စာကတ်ပြား နည်းနည်းရှိတယ်။
ငရဲခန်းပျို့ထဲက ရာသီဥတု နည်းနည်းရှိတယ်။
မေတ္တာတရားရဲ့ သင်္ကေတ နည်းနည်းရှိတယ်။
စနစ်တကျ သမ်းဝေမှုနည်းနည်းရှိတယ်။

နားလည်ရ မခက်လှပါဘူး။
ငှါစံပယ်ပွင့်လေးတွေရဲ့ တနင်္ဂနွေ
အပျော်သဘောနဲ့ပဲဖြစ်ဖြစ်
ပင်လယ်ဆီသို့လို့ မပြောပါနဲ့။ ။

ရှပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ အတွဲ ၁၆၊
အမှတ် ၁၊ ဇန်နဝါရီ၊ ၂၀၀၀။

mgyoe.com

mgyoe.com

# ပခုံးပေါ်လာတင်တဲ့ အကြည့်များ

မင်းရဲ့အကြည့်တွေကို ငါ့ပခုံးပေါ် လာလာပြီးမတင်ပါနဲ့ကွာ။
သိမ်တောင်ရဲ့လှေကားထစ်ကနေ ငါငေးကြည့်တော့ ညနေရဲ့နေရောင်က ဟိုးအဝေးတောင်စောင်းမှာ။
တိမ်တောက်တယ်ဆိုတာ ကောင်းကင်နဲ့မြေကြီးကို အရောင်ညှိတဲ့တေးဖြစ်တယ်။
ကျ နေရဲ့ အလွမ်းတွေဆီကိုပျံသန်းနေတာက ငါ့ရဲ့အငေးတွေပဲဖြစ်တယ်။
မင်းရဲ့အကြည့်တွေကို ငါ့ပခုံးပေါ် လာလာပြီးမတင်ပါနဲ့ကွာ။
ငြိမ်းငြိမ်းချမ်းချမ်းတက်ကြွနေတဲ့ကမ္ဘာကြီးကိုသာ ငါအလိုရှိရဲ့။
နယ်နိမိတ်မဲ့တဲ့ကမ္ဘာကြီးကို ငါအလိုရှိရဲ့။
အဆုတ်အားကောင်းတဲ့ကမ္ဘာကြီးကို ငါအလိုရှိရဲ့။
မင်းရဲ့အကြည့်တွေကို ငါ့ပခုံးပေါ် လာလာပြီးမတင်ပါနဲ့ကွာ။
ချိန်းဆိုထားတာက လမ်းကလေးဖြစ်ပြီး ရောက်ရှိလာတာတွေက နံရံတွေသာဖြစ်နေတယ်။
ဘဝရဲ့လောင်းကစားဆန်ဆန်မြှောက်တင်လိုက်တဲ့ဒင်္ဂါးပြားမှာ အနာဂတ်က အခြမ်းပျက်နေတယ်။
ချစ်ခြင်းမေတ္တာက မြင့်မားပြီး ရင်ခုန်သံတွေက အနိမ့်ပျံနေခဲ့ကြတယ်။
စိတ်တိုင်းကျရွေးချယ်ထားတဲ့ ငါ့ရဲ့ကြယ်စင်ကိုဆွဲထုတ်လိုက်ပြီး
အစုံးတွေနဲ့ အထပ်ထပ်သွေးလို့နေရတယ်။
မင်းရဲ့အကြည့်တွေကို ငါ့ပခုံးပေါ် လာလာပြီးမတင်ပါနဲ့ကွာ။
မိုးကုပ်စက်ဝိုင်းချင်းတန်ဖိုးမတူဘဲ ပွင့်တူရွက်တူဖြစ်နေတဲ့ရှုခင်းတွေကို ငါငြင်းတယ်။
လျှာဖျားပေါ်မှာ ပေါ့ပေါ့ပါးပါးတင်ထားတဲ့ သိက္ခာနဲ့ပတ်သက်သောဝါကျတွေကို ငါငြင်းတယ်။
အမှားအယွင်းတွေကူးစက်လွယ်တဲ့ မိုးပြိုတောတွေကို ငါငြင်းတယ်။
အပြန်အလှန်ချိန်ရွယ်ထားတဲ့ အမုန်းတရားတွေကို ငါငြင်းတယ်။
ကျီးလန့်စာစားအသက်ရှင်နေရတဲ့ နေ့တဓူဝ*တွေကို ငါငြင်းတယ်။
သိမ်တောင်ရဲ့လှေကားတစ်ဝက်မှာ မင်းနဲ့ငါဆုံတော့
ငါ့ညနေခင်းတွေကိုမမြင်နိုင်တဲ့ မင်းမျက်လုံးတွေကို ငါငြင်းတယ်။
မင်းရဲ့အကြည့်တွေကို ငါ့ပခုံးပေါ် လာလာပြီးမတင်ပါနဲ့တော့ကွာ။ ။

မြားနတ်မောင်မဂ္ဂဇင်း၊
အောက်တိုဘာ၊ ၂၀၀၁။

* နေ့တဓူဝ = နိစ္စဓူဝ

mgyoe.com

mgyoe.com



# တစ္ဆေသဘော

မုသားများ တမြားမြားစီးကျနေသောလျှာတွေကို ထွေးထုတ်ထားတဲ့ မေးရိုးသက်သက်နေ့တွေ။
ရေစပ်စပ်၊ ကုန်းစပ်စပ်၊ အစိမ်းသက်သက်ပြုံကျနေတဲ့ ညတွေ။
ဟောင်သံအူသံများနဲ့ သွေးပျက်နေတဲ့ ပြတင်းပေါက်တွေ။

သီချင်းလေးတစ်ပုဒ်ကိုတောင်မှ အေးအေးလူလူ မဆိုညည်းနိုင်တော့ပါဘူး တဲ့။
ချွေးပြန်နေတဲ့ လမ်းဆုံလမ်းခွတွေ။

ချိန်းဆိုထားရင်တမင်ကိုလွဲတတ်နေခဲ့ပြီ။
သားလျောနေတဲ့ အရိပ်သေတွေ။

အလုပ်လက်မဲ့တစ်ဦးရဲ့ ညစာနဲ့ထွန်းညှိထားခဲ့ပါတယ်။
အရသာရှိတဲ့မနက်ဖြန်ဟာ ဘယ်လိုကမ်းခြေမျိုးမှာ စိမ်းလန်းနေပါမလဲ။
ဆားငန်ရည်စိုရွှဲနေတဲ့ မေးခွန်းတွေ။

mgyoe.com

mgyoe.com


သူ့ခန္ဓာကိုယ်ကိုပင့်မထားတဲ့ ခြေထောက်အလေအလွင့်တွေနဲ့
ကိုယ့်ကျောက်ဆူးကို ကိုယ်တိုင်သာမျှချခွင့်ရှိသူ။
ကြေကွဲခြင်းများတလူလူနဲ့ မလုံခြုံစွာမျောပါနေခဲ့ရသူ။
အိမ်ရာ၊ သောင်ကမ်း၊ ချစ်ခြင်းမေတ္တာများနဲ့
လေတိုက်လိုက်တိုင်း ဟက်တက်ကြီးဝေးကွာနေခဲ့ရသူ။
စိတ်ကိုဖြားယောင်းလို့ရခဲ့ပေမဲ့
နေရောင်ခြည်အောက်မှာတော့ ဘယ်ဆီကိုမှ ကျကျနနခရီးမပေါက်နိုင်ခဲ့သူ။
တကယ်တမ်းလည်း
ကိုယ့်ဒဏ်ရာတွေထဲ ဝေ့လည်လည်နဲ့ မကျွတ်လွတ်နိုင်သေးသူ။

သူမော့ကြည့်မိတော့
ကြယ်မစုံသေးပေမဲ့ ကျိန်စာတွေ စုံနေနှင့်ပြီပဲ။

နှလုံးသားမဲ့သူဆိပ်ကမ်းတစ်ခုမှာ
အခု ခင်ဗျားတို့ရှေ့က တစ္ဆေသင်္ဘောဟာ ခြေချော်လက်ချော် ဥသြဆွဲမိခဲ့ပြန်ပေါ့။ ။

ချယ်ရီမဂ္ဂဇင်း၊
ဇူလိုင်၊ ၂၀၀၂။

mgyoe.com

mgyoe.com



## သာမန်ရေးကြီးခွင်ကျယ် ကိစ္စများ

အမေ့ရင်ခွင်ကို မြို့ရိုးတစ်ထောင်နဲ့မလဲနိုင်ခဲ့ကြောင်း။
ပွဲဈေးတန်းထဲက စက္ကူဦးထုပ်နဲ့ သစ်သားဓားတစ်လက်တို့ဖြင့်
ဖုန်တထောင်းထောင်းညကို စီးချင်းထိုးအနိုင်ယူနိုင်ခဲ့ကြောင်း။
ပထမဦးဆုံးသော ကျောင်းတံခါးဝမှာ မျက်ရည်ကိုလွယ်ထားသော ရေဘူးပေါက်ခဲ့ကြောင်း။
အကြည့်ကိုအကြည့်က တစ်ဖက်သတ်လောင်မြိုက်စေနိုင်ခဲ့ကြောင်း။
ကိန်းဂဏန်းများ၏အနက်ရောင်ဆူးများက ဘဝ၏နောက်ကျောကို ဆုတ်ဖြဲနာကျင်စေခဲ့ကြောင်း။
ယုံကြည်ခြင်းဆိုသည်မှာ အသေအချာအေးစက်မှု စားကောင်းသည့်ဟင်းတစ်ခွက်ဖြစ်ကြောင်း။
မိုးရွာမယ်။ နေသာမယ်။ ကလိမ်ကကျစ်တွေ ပိုမိုထူထဲလာမယ်။
ရေခဲတောင်တွေအရည်ပျော်မယ်။ ကိုယ်တိုင်ပါဝင်တဲ့ ပြဇာတ်တွေကို အရသာခံကြည့်မယ်။

mgyoe.com

mgyoe.com

မြို့ရိုးတစ်ထောင်
ရေခဲတောင်
အနက်ရောင်ရှိသည့်ဆူး။
တစ်ဖက်သတ်လောင်မြိုက်၊ မျက်လုံး၊ အသေအချာ အေးစက်။
ကလိမ်ကကျစ်၊ သစ်သားဓား၊ ရေဘူး။
ခန္ဓာထဲက သစ်တောများပြုန်းတီးနေပြီ။
ရိုးသားမှုများ နားစရာသစ်ကိုင်းမရှိပါ။
ဘာသတင်းမှ မထူးသေးပါ။
ခြင်တစ်ကောင်လို တာဝန်မဲ့စွာသေဆုံးသွားသော ညတစ်ည၏ ပလက်ဖောင်းထက်
ဘာတွေမှ ပိုမထူးခြားခဲ့ပါ။
အဲဒီမှာ
ငါဟာ
ကမ္ဘာကြီးကို ရှက်ရွံ့အားနာခဲ့ရင်း
အုတ်ဂူဟောင်းထဲက သုညတစ်လုံးလို တိတ်ဆိတ်စွာ လိမ့်ဆင်းသွားခဲ့ကြောင်း။ ။

သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊
စက်တင်ဘာ၊ ၂၀၀၂။

mgyoe.com

mgyoe.com



# ဒေါက်တာမောင်ချောနွယ်

ဒေါက်တာမောင်ချောနွယ်၊
ခင်ဗျားက အနုပညာကုန်းစောင်းမှာ အလင်းတွေကို ဘီးတပ်ပေးခဲ့သူ။
ဒေါက်တာမောင်ချောနွယ်၊
ခင်ဗျားက ခံစားမှုအပေါင်းရဲ့ ပျပ်ဝပ်ရိုကျိုးရခြင်းကို ခံယူထိုက်သူ။
ဒေါက်တာမောင်ချောနွယ်၊
ခင်ဗျားက ဘဝရဲ့ပြဋ္ဌာန်းချက်ကို မြင့်မားနက်ရှိုင်းစွာ ဘာသာပြန်ခဲ့သူ။
ကျွန်တော်တို့က သဲနာရီတွေပါပဲ။
ကျွန်တော်တို့က ငွေကြေးဝါဒီတွေပါပဲ။
ကျွန်တော်တို့က အမှိုက်စတွေပါပဲ။
အားအားရှိ ဂုဏ်တုဂုဏ်ပြိုင် ထုတ်လုပ်တယ်။
အားအားရှိ အကြောက်တရားတွေ ထောင်းထောင်းထတယ်။
အားအားရှိ မသူတော်အရုပ်ကို ကနုတ်ခြယ်သတယ်။
ဒေါက်တာမောင်ချောနွယ်၊
ကျွန်တော်တို့… မိုက်မဲမှုတို့လွှမ်းမိုးရာ ချိုင့်ဝှမ်းထဲ ညလုံးပေါက်လွင့်စဉ်ပစ်ခဲ့ကြပါတယ်။
ဒေါက်တာမောင်ချောနွယ်၊
ကဗျာဆရာစစ်စစ်ဖြစ်ခွင့်ရရှိခဲ့သော ဘဝတစ်ခုနှင့်ပဲ တစ်ဝိုင်းလုံးကို သိမ်းလိုက်ပါ။

mgyoe.com

mgyoe.com


ဒေါက်တာမောင်ချောနွယ်၊
လောကကြီးက အမှိုက်သွန်ကြည့်တာပါ။
ဒေါက်တာမောင်ချောနွယ်၊
လောကကြီးက
အနုပညာသမားတစ်ယောက်ရဲ့ ဝိညာဉ်ဆိုတာကို မြေကြီးအရိုပ်မျှပင် ထိပါးခွင့်တောင်မရ။
သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ကိုသာ အမှိုက်သွန်ခွင့်ရခဲ့တယ် ဆိုတာ
ကျွန်တော်တို့ သိနားလည်ခွင့်တွေရ။
ဒေါက်တာမောင်ချောနွယ်၊
ခင်ဗျားက အာကာသဓာတ်ခဲတစ်လုံးပါ။
ဒေါက်တာမောင်ချောနွယ်၊
ကျွန်တော်တို့ ယုံကြည်တဲ့ သစ္စာတရားထဲ
အလူးလူး အလိမ့်လိမ့်
ကြေကွဲကြမ်းတမ်းစွာ သင်ယူနေကြရဆဲ။
ဒေါက်တာမောင်ချောနွယ်၊
ခင်ဗျားကတော့ မောင်ချောနွယ်အမည်နာမနဲ့ပဲ ခက်ခဲရဲရင့်စွာ
ပေါက်မြောက်ခဲ့ပါတယ်။ ။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊
မေ၊ ၂၀၀၃။

mgyoe.com

mgyoe.com



# ငါက တဖြည်းဖြည်းကျောက်ဖြစ်သွားနေတဲ့ သစ်ရွက်မှ မဟုတ်တာ

ရင်ထဲက
ဝန်ထုပ်ဝန်ပိုးများကို လေချွန်နေတတ်ခဲ့ပြီ။
ရင်ထဲက
မျှော်လင့်ချက်အပေါင်းကိုလည်း မြောင်းထဲက ဆယ်တင်တတ်ခဲ့ပါပြီ။
အချိန်အခါမဲ့ မိုးသံလေသံ၊ နှင်းသံမြူသံကြားရရုံနဲ့
ရှင်လန်းစိမ်းစိုသွားရအောင်က
ငါက... အပေါ့စားသစ်ရွက်မှ မဟုတ်တာ။

mgyoe.com